အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ **သမာဒိယာမိ၊** ကောင်းစွာ ယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

## တိုက်တွန်းချက်

၁။ ပြခဲ့သော ရှင်ကျင့်ဝတ်သီလများကို ထိန်းသိမ်းထား ခြင်းသည် စစ်ဗိုလ်ချုပ်ကြီးတဦး၏ ကောင်းစွာ ရေချိုးခြင်းနှင့် တူ၏။ တိစီဝရိက်သင်္ကန်းကို ဆင် မြန်းထားခြင်းသည် ဗိုလ်ချုပ်ကြီး၏ စစ်ဝတ်တန်ဆာ ဖြစ်သော ချပ်မိန်ညိုကို ဆင်ထားခြင်းနှင့် တူ၏။ တိစီဝရိက်ဓုတင်မှ ကြွင်းသော ဓုတင် တဆယ့်နှစ်ပါး ကို ဆောင်ထားခြင်းကား တကိုယ်လုံး ဆင်ထိုက်ရာ ကို တန်ဆာဆင်ထားခြင်းနှင့် တူလေသည်။

၂။ ထိုသို့ သီလစင်ကြယ်စွာဖြင့် တိစီဝရိက် ဓုတင်ကို အခြေခံ၍ ကျန်ဓုတင် တဆယ့်နှစ်ပါး ဆောင်ထားပြီး သော သူတော်စင်၏ ဝိပဿနာကမ္မဋ္ဌာန်းကို စတင် စီးဖြန်းခြင်းသည် စစ်ဝတ်တန်ဆာ ဆင်ထားသော ဗိုလ်ချုပ်၏ မည်သည့်ရန်သူကိုမျှ ပမာဏမထားသော အသွင်ဖြင့် သန်လျက်စသော လက်နက်ကို စွဲကိုင် ထားသည်နှင့် တူ၏။

၃။ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်း၍ နောက်မဆုတ်တမ်း တိုးတက်နေသော သူတော်စင်ကား ဗိုလ်ချုပ်၏ ရန်သူတို့ကို ချေမှုန်းနေသည်နှင့် တူ၏၊ ဝိပဿနာ ဆက်၍ မဂ်ဖိုလ်တက်ကာ နိဗ္ဗာန်ကို မျက်မှောက် ပြုရသည့်အခါမှာမူ ဗိုလ်ချုပ်၏ အောင်တပ်ခင်း၍